MISY | Mandalay

Myanmar International School Yangon (Mandalay Campus)

# Myanmar International School of Yangon (Mandalay Campus)

# ကျောင်းဝင်ခွင့် မူဝါဒ

| | | | |
|---|---|---|---|
| **Approved by:** | Nu Nu Aye (BOD) | **Date:** March 17, 2022 | |
| **Last reviewed on:** | October 2025 | | |
| **Next review due by:** | October 2027 | | |

WIDA INTERNATIONAL SCHOOL CONSORTIUM MEMBER SCHOOL

CAMBRIDGE International Education

Cambridge International School

# ကျောင်းဝင်ခွင့်စည်းကမ်း ဖော်ပြချက်

MISY သည် ရန်ကုန် နှင့် မန္တလေးမြို့များတွင်နေထိုင်သော နိုင်ငံတကာသို့ သွားလာနေထိုင်သူများနှင့် နိုင်ငံတကာ စိတ်ထားရှိသော မိသားစုများမှ ကလေးငယ်များအား အင်္ဂလိပ်ဘာသာစကားဖြင့် ပထမတန်းစား နိုင်ငံတကာပညာရေးကို ပံ့ပိုး သင်ကြားပေးနိုင်ရန် ရည်ရွယ်ပါသည်။

ကျောင်းဝင်ခွင့်လျှောက်ထားမှုများကို ကျောင်းသား/သူများ၏ အလားအလာ နှင့် နေရာရရှိနိုင်မှု အနေအထား အရ သင့်လျော်ကိုက်ညီသော ကျောင်း၏ ပညာရေး အစီစဉ် ပေါ်မူတည်၍ တစ်နှစ်ပတ်လုံး လက်ခံပေးလျှက်ရှိပါသည်။ ကျောင်းသာ/သူးတစ်ဦး၏ အတန်းသို့ ဝင်ရောက်ခွင့်ရမည့် အသက် သတ်မှတ်ရက် မှာ ဇူလိုင် ၃၁ ရက်နေ့ ဖြစ်ပါသည်။

ကျောင်း၏ ဝင်ခွင့်မူဝါဒမှာ ခွဲခြားဆက်ဆံခြင်း မရှိသော်လည်း စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အလွန်ထိခိုက်အားနည်းသော ကျောင်းသား/သူများ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ထောက်ပံ့ဖြည့်ဆည်းပေးနိုင်သည့် အဆောက်အအုံများ မထားရှိကြောင်း ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ သတ်မှတ်ပါသည်။ ကျောင်းဝင်ခွင့်ပေးခြင်း သို့မဟုတ် မပေးခြင်း ဆုံးဖြတ်ချက် ကို ကျောင်းအုပ်ကြီး နှင့် သက်ဆိုင်ရာ ဌာနမှူးဆရာ/ဆရာမ များ မှ ပူးပေါင်း တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျောင်းသား/သူ ၏ ကျောင်းမှတ်တမ်း ရလဒ် များအရ ထိုကျောင်းသား/သူ အား ကျောင်းဝင်ခွင့် ပေးခြင်းသည် ကျောင်းအတွက် ထိခိုက်စေနိုင်ပါက ကျောင်းမှ ကျောင်းဝင်ခွင့်အား ငြင်းပယ်ခွင့် ရှိပါသည်။

ကျောင်းသား၊ကျောင်းသူများကို အတန်းသတ်မှတ်ပေးရေးသည် သက်ဆိုင်ရာသင်ကြားရေးမှူး( key stage coordinator) နဲ့ ပူးပေါင်းပြီး ကျောင်းအုပ်ကြီး မှ စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။ မိဘများ၏ သဘောထားဆန္ဒများကို ထည့်သွင်း စဉ်းစားမည်ဖြစ်သော်လည်း နောက်ဆုံး အဆုံးအဖြတ်ကို ကျောင်းအုပ်ကြီးမှ ဆုံးဖြတ်မည်ဖြစ်ပါသည်။

## ကျောင်းဝင်ခွင့် မူဝါဒ၏ ရည်ရွယ်ချက်မှာ -

- အတန်း level အလိုက် MISY ကျောင်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား/သူများ၏ ကျောင်းဝင်ခွင့် လုပ်ငန်းစဉ်အား တိကျရှင်းလင်းစေရန်။
- ဝင်ခွင့်ရွေးချယ်မှုစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများသည် ကျောင်းဝင်ခွင့်လျှောက်ထားသူ အားလုံး အတွက် တစ်ပြေးညီ တိကျမှုရှိပြီး မျှတမှု ရှိစေရန်။
- MISY ၏ ယဉ်ကျေးမှု၊ စံနှုန်းများနှင့် ကိုက်ညီသော စိတ်နေသဘောထားနှင့် အရည်အချင်း ရှိသော လျှောက်ထားသူ ကျောင်းသား/သူများကို ရွေးချယ်နိုင်ရန်။
- တန်းတူအခွင့်အရေးရရှိစေရန်နှင့်တစ်ဦးချင်းစီ ၎င်းတို့၏ ဂုဏ်သိက္ခာ, လုပ်ကိုင်နိုင်စွမ်းများ နှင့် အရည်အချင်းများ ပေါ်အခြေခံ၍ တစ်ဦးချင်းစီအတွက် လေးစားစွာပြုမူ ဆက်ဆံသည့် လုံခြုံသော ပတ်ဝန်းကျင် အခြေအနေကောင်းများ ပံ့ပိုးပေးနိုင်ရန်။

**ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်**
**မိဘ/အုပ်ထိန်းသူများသည် အောက်ပါစာရွက်စာတမ်းများကို တင်ပြရန် လိုအပ်သည် -**

- ပြည့်စုံစွာ ဖြည့်သွင်းထားသော ကျောင်းဝင်ခွင့်ဖောင် (ဆေးဘက်ဆိုင်ရာ နှင့် သင်ယူမှုလိုအပ်ချက် အပိုင်းများပါဝင်ရမည်။)
- လက်ရှိတက်ခဲ့သည့်ကျောင်း (သို့) ယခင်တက်ရောက်ခဲ့သောကျောင်း(များ) အားလုံးမှ အနည်းဆုံး ပြီးခဲ့သည့် ပညာသင်နှစ် မှ ပညာရေးဆိုင်ရာ မှတ်တမ်း အပြည့်အစုံ။
- ပညာရေးဆိုင်ရာ အစီရင်ခံစာများအား အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ထားရပါမည်။
- လက်ရှိအခြေအနေနှင့် ပြည့်စုံသော ဆေးဘက်ဆိုင်ရာ အချက်အလက်များ (ယင်းသည် ကျောင်းဝင်ခွင့်ဖောင် ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်)။
- ကလေး မွေးစာရင်း မိတ္တူ/ နိုင်ငံကူးလက်မှတ်မိတ္တူ - ကလေး၏ မွေးသက္ကရာဇ် အထောက်အထား အတွက်ဖြစ်ပါသည်။ (ကျောင်းသား/သူ အားလုံးမြန်မာနိုင်ငံသားဖြစ်ရမည် သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသော မြန်မာ/ပြည်ပ အမြဲတမ်းနေထိုင်သူများဖြစ်ရမည်။)
- ကလေး၏ passport ကာလာဓာတ်ပုံ (၂) ပုံ (၁.၅လက်မ နှင့် ၁.၈လက်မ)

**လိုအပ်သော ငွေပေးချေမှုများ**

- ကျောင်းဝင်ခွင့်စာမေးပွဲကြေး (ငွေပြန်မအမ်းပါ။)
- မှတ်ပုံတင်ကြေး (ငွေပြန်မအမ်းပါ။)
- သင်တန်းကြေး
- အခြားသော fees များမှာ လက်ရှိကျောင်းလခများတွင် ဖော်ပြထားသည့်တိုင်းဖြစ်ပါသည်။

**ဝင်ခွင့်စာမေးပွဲများနှင့် အစီအစဉ်များ**

Nursery မှ Year 13 အထိ အတန်းများ အတွက် ရွေးချယ်ခံရသော ကျောင်းသား/သူ အားလုံးသည် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုကြရပါမည်။ ကျောင်းသား/သူ များ ၏အသက်အရွယ်အလိုက် ဝင်ခွင့်စာမေးပွဲများသည် ကွဲပြားပါသည်။

**Nursery နှင့် Reception**

- ဆရာအခြေပြု အကဲဖြတ်ခြင်းကို စာသင်ခန်းထဲတွင် ပြုလုပ်ပေးပါသည်။
- ကျောင်းသား/သူများ၏ မိဘများကို အကြောင်းမကြားခင် မူလတန်းကျောင်း လက်ထောက်စီမံခန့်ခွဲရေးအဖွဲ့မှ သက်ဆိုင်ရာဆရာ/ဆရာမ များနှင့် ပြုလုပ်ကျင်းပမည့် ဝင်ခွင့်စာမေးပွဲ ရက်စွဲအား ဦးစွာ စီစဉ်ဆောင်ရွက်ပါသည်။
- ဇူလိုင်လ ၃၁ ရက်နေ့တွင် အသက် ၃နှစ်ပြည့်မည့် ကလေးများသည် Nursery အတန်းကို တက်ရောက်နိုင်ပါသည်။
- ဩဂုတ်လအတွင်း အသက်၃နှစ်ပြည့်မည့် ကလေးများကိုလည်း မူလတန်းကျောင်းအုပ်၏ ဆုံးဖြတ်ချက်အရ ကျောင်းဝင်ခွင့်အတွက် ထည့်သွင်းစဉ်းစားပေးပါသည်။ ဩဂုတ်လ မွေးဖွားသည့် ကလေးများ၏ မိဘများသည် မိမိ၏ ကလေးသည် Nursery အတန်းကို

နောက်ထပ် ထပ်မံ တက်ရောက်ရနိုင်ကြောင်းကိုလည်း လက်ခံသိရှိကြောင်း လက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

- ကျောင်းသား/သူ အားလုံး ကိုယ်တိုင် သန့်စင်ခန်းသွားတတ်ရန် မိဘမှ သင်ကြားထားပြီးဖြစ်ရမည်။

**Years 1– 6**

- ကျောင်းသား/သူ အားလုံးသည် ကျောင်းတွင် အင်္ဂလိပ်၊ သင်္ချာနှင့် ဖွံ့ဖြိုးပြီးသော စွမ်းရည်အတွက် CEM အွန်လိုင်း စာမေးပွဲများကို ဖြေဆိုကြရပါမည်။
- "CEM စမ်းသပ်မှုရလဒ်အရ EAL အထောက်အပံ့လိုအပ်သော ကျောင်းသားကျောင်းသူများသည် လိုအပ်သော EAL အထောက်အပံ့၏ ပမာဏကို ထောက်ပံ့နိုင်ရန် WIDA (အင်္ဂလိပ်စာ) စာမေးပွဲကို ဖြေဆို ကြရမည်ဖြစ်ပါသည်။
- ကျောင်းဝင်ခွင့်စီမံသည့်အဖွဲ့သည် Year 1 မှ 6 ထိ စာမေးပွဲများကို စီစဉ်ပြီး မိဘများနှင့် အတူ စာမေးပွဲရက်များကို သတ်မှတ်ကာ ကျောင်းအုပ်ကြီး ထံသို့ အကြောင်းကြားပါမည်။

**Years 7- 13**

- ကျောင်းသား၊ကျောင်းသူ အားလုံးသည် CEM အွန်လိုင်း စာမေးပွဲကို ဖြေကြရပါမည်။
- ထို့နောက် အထက်တန်းနှင့်အလယ်တန်း ကျောင်းအုပ်နှင့် ဦးစွာ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ပြီး နောက်ဆက်တွဲ လုပ်ဆောင်ချက်များကို ဆုံးဖြတ်ပေးမည်ဖြစ်ပြီး EAL ထောက်ပံ့မှုလိုအပ်ပါက WIDA စစ်ဆေးမှု ဆောက်ရွက်မည်ဖြစ်ပြီး (သို့မဟုတ်) Year 11-13 ကျောင်းသားကျောင်းသူများအတွက် IGCSE/A Level စာမေးပွဲ စစ်ဆေးမှု ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျောင်းဝင်ခွင့်စီမံသည့်အဖွဲ့သည် Year 7 မှ 13 အတွက် စာမေးပွဲများကို စီစဉ်ပေးပြီး မိဘများနှင့် အတူ စာမေးပွဲရက်များကို သတ်မှတ် ၍ ကျောင်းအုပ်ကြီး ထံ အကြောင်းကြားပါမည်။

စစ်ဆေးမှုများအားလုံး ပြီးဆုံးပြီးနောက် ကျောင်းအုပ်ကြီးအား လိုအပ်သော အချက်အလက်များ အားလုံး ပေးပို့ပြီး မိဘနှင့် ကျောင်းသား ကျောင်းသူ(များ) ကို တွေ့ဆုံ ဆွေးနွေးပါမည်။

အကယ်၍ လျှောက်ထားသူသည် လက်ရှိတွင် မြန်မာနိုင်ငံတွင် နေထိုင်ခြင်းမရှိပါက -

- Nursery နှင့် Reception သို့ လျှောက်ထားသူများသည် ဆရာအခြေပြုအကဲခတ်မှုများအတွက် မန္တလေးသို့လာရောက်နိုင်သည် အထိ စောင့်ဆိုင်းရပါမည်။
- သင့်လျော်ပါက Year 1 နှင့် အထက် လျှောက်ထားသူများသည် ၎င်းတို့လက်ရှိ သင်ကြားနေသော ကျောင်း၏ ကြီးကြပ်မှု အောက်တွင် လိုအပ်သော စာမေးပွဲများကို ဖြေဆိုခွင့် ပေးနိုင်ပါသည်။

**အတန်းနေရာချထားခြင်း နှင့် စာသင်ခန်း အကျယ်အဝန်း**

ကျောင်းသား/သူများကို ‘ဦးသူအရင်ဦးစားပေး’ အစီအစဉ်ဖြင့် လက်ခံမည်ဖြစ်သော်လည်း အောက်ပါ ခြွင်းချက်များရှိပါသည် -

- ကျောင်းတွင် တက်ရောက်နေနှင့်ပြီးသော မောင်နှမများ ရှိသည့် လျှောက်ထားသူများကို ဦးစားပေးပါမည်။
- မိသားစုလိုက် လျှောက်ထားသူများအတွက် လုံလောက်သော နေရာများရရှိစေရန် မိသားစုတစ်စုထဲမှ လျှောက်ထားသော ကလေးများကို ဦးစားပေးပါမည်။
- ပြည်ပမှလာသော သင်ကြားရေး ဝန်းထမ်းများ၏ ကလေးများကို ဦးစားပေးပါမည်။
- ပြည်တွင်းဝန်ထမ်းများရဲ့ ကလေးများကိုလည်း ကျောင်းတွင် နေရာချထားပေးရန် အတွက် ထည့်သွင်းစဉ်းစားမှာဖြစ်ပြီး သဘောတူထားသော စံနှုန်းများ ပေါ်မူတည်၍ ဆုံးဖြတ်ကာ ပညာသင်ဆုစည်းကမ်းနှင့် ဝန်ထမ်းများ၏ စာချုပ်ဖြင့်ချိတ်ဆက်ထားမည်ဖြစ်ပါသည်။

ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူ အားလုံးကို အသက်-အတန်း နေရာချထားမှုဇယား အရ နေရာချထားမည်ဖြစ်ပါသည်။ (နောက်ဆက်တွဲ 1 ကို ကြည့်ရှုပါ။) သက်ဆိုင်ရာသင်ကြားရေးမှူး( key stage coordinator) များ၏ ထောက်ခံချက်အရ ခြွင်းချက်များရှိနိုင်ပါသည်။

- အများဆုံး class အရွယ်အစားများမှာ-

  Nursery ၁၆ ဦး

  Reception ၂၀ ဦး

  Year 1-13 ၂၃ ဦး

### အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု

**မူလတန်း**

အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမရှိသော လျှောက်ထားသူများကို ကိစ္စရပ်အလိုက် ကျောင်းအုပ်မှ စိစစ် ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ ၎င်းတို့ကို EAL အစီအစဉ်တွင် လက်ခံနိုင်ပါသည်။

**အလယ်တန်း: Key Stage 3**

WIDA အဆင့် ၂ နှင့်ညီမျှသော အင်္ဂလိပ်စာဘာသာစကား ကျွမ်းကျင်မှုရှိသော အရွေးချယ်ခံ ကျောင်းသား/သူများအား ဝင်ခွင့်လက်ခံမည် ဖြစ်သော်လည်း EAL programme တွင် စာရင်းသွင်းရပါမည်။

အနည်းဆုံး WIDA ဆင့် ၄ နှင့် ညီမျှသော အင်္ဂလိပ်စာ အရည်အချင်းရှိသော ကျောင်းသား၊ကျောင်းသူများကို mainstream အတန်းသို့ ဝင်ခွင့်ပေးနိုင်ပါသည်။

**အလယ်တန်း: Key Stage 4**

WIDA level 5 နှင့် ညီမျှသော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုရှိသော ကျောင်းသား/သူများကို mainstream အတန်းများသို့ ဝင်ခွင့် ပေးနိုင်ပါသည်။

**အလယ်တန်း: Key Stage 5**

WIDA level 5 နှင့် ညီမျှသော အင်္ဂလိပ်စာဘာသာစကား ကျွမ်းကျင်မှုရှိသော ကျောင်းသား/သူများကို mainstream အတန်းများသို့ ဝင်ခွင့် ပေးနိုင်ပါသည်။ Year 12 နှင့် 13 များအတွက် ကျောင်းသား/သူများကို အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်မှ ကိစ္စရပ် အလိုက် စဉ်းစားဆုံးဖြတ်မည်ဖြစ်ပါသည်။

| **MISY သို့ဝင်ခွင့်အတွက် WIDA လိုအပ်ချက်များကို အောက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။** | | | | | |
|---|---|---|---|---|---|
| | **Early Years** | **Key Stages 1&2** | **Key Stage 3** | **Key Stage 4 (IGCSE)** | **Key Stage 5 (A levels)** |
| **EAL support ဖြင့် ဝင်ခွင့်** | အဆင့် ၁ နှင့် အထက် ကျောင်းသား/သူများကို ကြီးကြပ်မှုဖြင့် ဝင်ခွင့်ပြုပါသည်။ | | အဆင့် ၂ အမြင့်,အဆင့် ၃, သို့မဟုတ် အဆင့်၄ အနိမ့် | အဆင့် ၅ | A-Levels အဆင့်ကျောင်းသား/သူများသည် ကျောင်းသင်ရိုးညွှန်းတမ်းသို့ EAL အထောက်အပံ့မပါပဲ ဝင်ရောက်နိုင်မည်။ ကျောင်းသား/သူ၏ ရွေးချယ်ထားသော A Level ဘာသာရပ်များမှ grade C ရရှိထားသော IGCSE grade များလည်းလိုအပ်ပါသည်။ |
| **ကြီးကြပ်မှု ဖြင့်ဝင်ခွင့်** | | အဆင့် ၄ အမြင့် သို့မဟုတ် အဆင့် ၅. | အဆင့် ၄ အမြင့် သို့မဟုတ် အဆင့် ၅. | | |
| **ဝင်ခွင့်** | | အဆင့် ၆ | အဆင့် ၆ | | |

**ကျောင်းဝင်ခွင့်အတွက် တာဝန်ရှိသည်များ-**

- မန္တလေးကျောင်းအုပ်ကြီးသည် ကျောင်းဝင်ခွင့်များ အတွက် တာဝန်ရှိပါသည်။

- ကျောင်းသား/သူများ၏ ကျောင်းဝင်ခွင့်လက်ခံခြင်းနှင့် အတန်းနေရာချထားမှု၏ နောက်ဆုံး ဆုံးဖြတ်ချက်ကို ကျောင်းများ၏ ကျောင်းအုပ်ကြီးမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျောင်းဝင်ခွင့်အလားအလာရှိသော ကျောင်းသား/သူများ၏ စာရွက်စာတမ်းနှင့် ယင်းတို့၏အချက်အလက် ကိုက်ညီမှုများကို မူလတန်း သို့မဟုတ် အလယ်တန်းနှင့် အထက်တန်း ဝင်ခွင့်အဖွဲ့များ မှ ဆောင်ရွက်မည်ဖြစ်ပါသည်။

**ထပ်တိုးသင်ယူရန် လိုအပ်ချက်ရှိသော ကျောင်းသားများ၏ ကျောင်းဝင်ခွင့်-**

ကျောင်းသည် နယ်ပယ် သီးသန့် (သို့မဟုတ်) ဘာသာရပ် အတွက် ဖြစ်စေ၊ သို့မဟုတ် အထူး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်း များကို ထပ်တိုးလေ့လာရန် လိုအပ်နေသော ကျောင်းသား/သူများအတွက် တစ်ဦးချင်းအလိုက် သီးသန့်စီစဉ်ထားသော ကျောင်းသားဗဟိုပြု သင်ကြားရေးကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။

ဝင်ခွင့်အလားအလာရှိသောကျောင်းသား/သူများ ၏ မိဘများ မှ မိမိတို့ ကလေးတွင် သင်ကြားရေး လိုအပ်ချက်ရှိပါသည် ဟု ပြောကြားလာပါက၊ သို့မဟုတ် mainstream အတန်းအတွက် ကျောင်းဝင်ခွင့် လုပ်ငန်းစဉ် တစ်ရပ်ရပ်၌ ကျောင်းသား/သူများနှင့်ပတ်သတ်၍ သင်ကြားရေးလိုအပ်ချက်များ စစ်ဆေး ပေါ်ပေါက်လာပါက သင်ယူမှုလိုအပ်ချက်များကို ကျောင်းအုပ်ကြီး သို့ အကြောင်းကြားမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာ နှင့် ပတ်သတ်၍ အပြီးသတ် ဆုံးဖြတ်ချက်များမချမီ ထပ်တိုး စာရွက်စာတမ်းများ/ အကဲဖြတ်မှုမှတ်တမ်းများလည်း လိုအပ်နိုင်ပါသည်။ ထပ်တိုးလိုအပ်သည့် စာရွက်စာတမ်းများကို အထူးပညာရေးလိုအပ်ချက်ညှိနှိုင်းရေးမှူး (SENCO) နှင့် တိုင်ပင်ပြီး ကျောင်းအုပ်ကြီး မှ ဆုံးဖြတ်မည်ဖြစ်ပါသည်။

MISY သည် Mainstream အတန်း ပြင်ပတွင် တစ်ဦးချင်း လိုအပ်ချက်ရှိသော ကျောင်းသား၊ကျောင်းသူများ အတွက် လုံလောက်သော ပံ့ပိုးမှုပေးနိုင်စေရန် ကျောင်းအုပ်ကြီးမှ တာဝန်ယူဆောင်ရွက်ပါသည်။ ၎င်းတွင် တိုးတက်မှုကို သေချာစေရန် နှင့် ကျောင်းသားကျောင်းသူများ၏ အနာဂတ် ရွေးချယ်စရာများ/ အကူးအပြောင်းအများ အတွက် ပြင်ဆင်ပေးနိုင်ရန် တစ်ဦးချင်း သီးသန့်သင်ကြားရေး အစီအစဉ်တစ်ခု ပါဝင်ပါမည်။

ကျောင်းအုပ်ကြီးသည် ဝင်ခွင့်ဆုံးဖြတ်ချက်ကြောင့် mainstream အတန်း ၏ သင်ယူမှု ပတ်ဝန်းကျင် အပေါ်ဖြစ်ပေါ်နိုင်သည့် အကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲရန် အစီအစဉ်များ ထားရှိရပါမည်။ အထူးသင်ယူမှု လိုအပ်ချက်ရှိသော ကျောင်းဝင်ခွင့် အားလုံးအတွက် နောက်ဆုံး ဆုံးဖြတ်ချက်ကို ကျောင်းများ၏ကျောင်းအုပ်ကြီး နှင့် SENCO မှ တိုင်ပင်ဆွေးနွေးပြီး မန္တလေးကျောင်းအုပ်ကြီးမှ အတည်ပြုပါမည်။

**MISY ကျောင်းများကြား ကျောင်းသား၊ကျောင်းသူများ ပြောင်းရွှေ့ခြင်း**

MISY သို့ ပထမဆုံးအကြိမ် ကျောင်းအပ်လာသော ကျောင်းသား၊ကျောင်းသူများ အတွက် ပြုလုပ်သည့် ဝင်ခွင့် အဆင့်အတိုင်းနည်းတူ ကျောင်းများအကြား ပြောင်းရွှေ့သည့် ကျောင်းသား၊ကျောင်းသူ များအတွက် ဝင်ခွင့် လက်ခံ အစီအစဉ်များနှင့် စစ်ဆေးမှုများကို

ဖြေဆိုရပါမည်။ ကျောင်းတစ်ကျောင်း မှ တစ်ကျောင်း သို့ ပြောင်းရွှေ့ရာတွင် စနစ်တကျ ကူးပြောင်းနိုင်ရေးအတွက် နှစ်ကျောင်းလုံး၏ ဝင်ခွင့် တာဝန်ရှိသူများအကြား အဆက်သွယ်ရေးမှာ အရေးကြီးပါသည်။

**နောက်ဆက်တွဲ ၁: ၂၀၂၅-၂၀၂၆ အသက်-အတန်း နေရာချထားမှုဇယား**

| MISY<br>အတန်း | အသက် အပိုင်းအခြား |
|---|---|
| Nursery | ၁ရက် သြဂုတ် ၂၀၂၁ မှ ၃၁ ဇူလိုင် ၂၀၂၂ |
| Reception | ၁ရက် သြဂုတ် ၂၀၂၀ မှ ၃၁ ဇူလိုင် ၂၀၂၁ |
| Year 1 | ၁ရက် သြဂုတ် ၂၀၁၉ မှ ၃၁ ဇူလိုင် ၂၀၂၀ |
| Year 2 | ၁ သြဂုတ် ၂၀၁၈ မှ ၃၁ ဇူလိုင် ၂၀၁၉ |
| Year 3 | ၁ သြဂုတ် ၂၀၁၇ မှ ၃၁ ဇူလိုင် ၂၀၁၈ |
| Year 4 | ၁ သြဂုတ် ၂၀၁၆ မှ ၃၁ ဇူလိုင် ၂၀၁၇ |
| Year 5 | ၁ သြဂုတ် ၂၀၁၅ မှ ၃၁ ဇူလိုင် ၂၀၁၆ |
| Year 6 | ၁ သြဂုတ် ၂၀၁၄ မှ ၃၁ ဇူလိုင် ၂၀၁၅ |
| Year 7 | ၁ သြဂုတ် ၂၀၁၃ မှ ၃၁ ဇူလိုင် ၂၀၁၄ |
| Year 8 | ၁ သြဂုတ် ၂၀၁၂ မှ ၃၁ ဇူလိုင် ၂၀၁၃ |
| Year 9 | ၁ သြဂုတ် ၂၀၁၁ မှ ၃၁ ဇူလိုင် ၂၀၁၂ |
| Year 10 | ၁ သြဂုတ် ၂၀၁၀ မှ ၃၁ ဇူလိုင် ၂၀၁၁ |
| Year 11 | ၁ သြဂုတ် ၂၀၀၉ မှ ၃၁ ဇူလိုင် ၂၀၁၀ |
| Year 12 | ၁ သြဂုတ် ၂၀၀၈ မှ ၃၁ ဇူလိုင် ၂၀၀၉ |
| Year 13 | ၁ သြဂုတ် ၂၀၀၇ မှ ၃၁ ဇူလိုင် ၂၀၀၈ |